# ဥရောပ အကြို

## အရှင်ဉာဏိက




**စာရိကံ ဘိက္ခဝေ စရထ**–ရဟန်းတို့ ခရီးသွားကြ–လို့ ဗုဒ္ဓက မိန့်တော်မူခဲ့ပါတယ်။ The World is a book, and those who do not travel read only a page (St. Augustine)၊ ကမ္ဘာကြီးဟာ စာအုပ်တအုပ်နဲ့ အလားတူပါတယ်။ ဟိုဟိုဒီဒီ ခရီးမသွားဘူးဆိုလျှင် စာအုပ်ရဲ့ စာတစ်မျက်နှာလောက်ကိုပဲ ဖတ်တာနဲ့ အတူတူပါပဲ–လို့ စိန့်ဩဂုတ်စတင်းကတော့ဆိုပါတယ်။

ကျော်ကြားထင်ရှားသူ တော်တော်များများကတော့ ခရီးသွားဖို့ တိုက်တွန်းကြပါတယ်။ သို့ပေမယ့် ခရီးသွားဖို့ဆိုတာက အချိန်လည်းရှိပါမှ။ ခရီးစရိတ်လည်းရှိပါမှ။ နောက်ပြီး အချိန်ရှိ ငွေရှိရုံနဲ့လည်း မပြီးသေးဘူးလေ။ နိုင်ငံရပ်ခြားသွားဖို့ဆိုတာက အရှိန်လည်းရှိဖို့လိုတယ်လို့လည်း တွေးမိပါရဲ့။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံသွားလာရာမှာ ကိုယ်ဘယ်နိုင်ငံသားဖြစ်ကြောင်း သက်သေပြဖို့ ပတ်စပို့လိုသလို ကိုယ်သွားရောက်လည်ပတ်မည့်နိုင်ငံမှာ ယာယီဝင်ရောက်ခွင့် နေထိုင်ခွင့်ရဖို့အတွက် သက်ဆိုင်ရာနိုင်ငံရဲ့ ဗီဇာလိုပါတယ်။ပတ်စပို့နဲ့ ဗီဇာနဲ့ကလည်း အကြောင်းနဲ့အကျိုးသဘော ဆက်စပ်နေပြန်ပါတယ်။

ကမ္ဘာကလေးစားလောက်တဲ့နိုင်ငံများက နိုင်ငံသားများရဲ့ပတ်စပို့ဆိုလျှင် ကမ္ဘာ့နိုင်ငံများများဆီကို ဗီဇာမလိုပဲ သွားရောက်ခွင့်ရှိသလို ဗီဇာလိုလို့ ကြိုတင်ဗီဇာယူရလျှင်တောင်မှပဲ သွားရောက်မည့်နိုင်ငံရဲ့ဗီဇာကို လွယ်လွယ်ကူကူနဲ့ ရနိုင်ပါတယ်။ ဆန့်ကျင်စွာပဲ။ ကမ္ဘာကသိပ်ပြီးအလေးမထား၊ မလေးစားတဲ့ နိုင်ငံများက ပတ်စပို့ကိုင်ဆောင်သူများဆိုလျှင်တော့ ဘယ်နိုင်ငံကိုပဲသွားသွား သွားရောက်ရမည့်နိုင်ငံဆီက နေထိုင်ခွင့်ဗီဇာရဖို့က ခက်ခဲတတ်ပါတယ်။ကိုယ်က မြန်မာပတ်စပို့ကိုင်ဆောင်ထားသူလေ။ ဒီတော့ ပြည်ပနိုင်ငံများဆီကို အလည်အပတ်သွားဖို့ ဝန်လေးတတ်သူထဲမှာ ကိုယ်လည်းပါပါတယ်။ သွားလိုစိတ်ရှိလို့ သွားမယ်ဆိုတိုင်း အခက်အခဲတစ်ခုခုနဲ့ ကြုံတတ်စမြဲ။ အခက်အခဲတစ်ခုခုနဲ့ ကြုံလေတိုင်းလည်း ကိုယ့်ကိုယ်ကိုကြံဖန်ပြီး ဂုဏ်တင်ထားတဲ့၊ ဂုဏ်ယူထားတဲ့ ငါမြန်မာပြည်သားကွဆိုတဲ့ မြန်မာ့ကိုယ်ပိုင်အမှတ်အသား (Burmese identity) လေးကိုလည်း အစော်ကားခံရလေခြင်းလို့ နာကျင်မိတတ်စမြဲ။ ဒီတော့လည်း ပြည်ပနိုင်ငံများဆီကို နှစ်ခေါက်သုံးခေါက်သွားမယ်စိတ်ကူးကာမှ တစ်ခေါက်လောက်ပဲ သွားဖြစ်တတ်တယ်။

ဒီနှစ်နွေ ကျောင်းပိတ်ရက်မှာတော့ ဥရောပဖက်ကို ခရီးသွားမယ်လို့ စီစဉ်ထားပါတယ်။ ခုလိုစီစဉ်ဖြစ်တာကလည်း မြန်မာပြည်ကနေ အမေရိကကို သာသနာပြုခရီး ကြွရောက်လာတဲ့ ရွှေမင်းဝံဆရာတော်က သူအမေရိကကနေ ဥရောပဖက်ကို ဆက်လက်ကြွမယ်။ အဲဒါ ဦးဉာဏိကလည်း အချိန်ရလျှင် လိုက်ခဲ့ပါလားလို့ မိန့်တာနဲ့ ဆရာတော်နဲ့အတူလိုက်ပါနိုင်အောင် အင်္ဂလန်ဗီဇာရဖို့ လောစ်အင်ဂျလိစ်မှာရှိတဲ့ ဗြိတိသျှကောင်စစ်ဝန်ရုံးကို လွှန်ခဲ့တဲ့ နှစ်ပတ်ကျော်ကျော်လောက်ကတည်းက ပတ်စပို့ ပို့ထားတာပါ။ လိုအပ်ချက်တွေဖြစ်တဲ့ လျှောက်လွှာပုံစံမှာပါတဲ့ ကိုယ်ရေး

ရာဇဝင်တွေ၊ သူတို့ညွှန်ထားတဲ့နေရာမှာ လက်ဗွေနှိပ်ထားပြီးပါပြီဆိုတဲ့ အထောက်အထားတွေ၊ ဗီဇာလျှောက်လွှာကြေးတွေ၊ အားလုံးအပါအဝင်ပေ့ါ။

သို့ပေမယ့် လိုတာထက်ပိုကြာလာတယ်ခံစားမိလို့ ဒီနေ့တော့ သံရုံးကို ဖုန်းဆက်မယ်လို့ စိတ်ကူးကာမှ တိုက်တိုက်ဆိုင်ဆိုင်ပဲ ပတ်စပို့နဲ့ ဗီဇာလျှောက်လွှာရရှိတဲ့အကြောင်း အီးမေးဝင်လာတယ်။ စုံစမ်းရန်ရှိသေးတဲ့အတွက် နှစ်ပတ်လောက်အချိန်ကြာနိုင်တယ်လို့လည်း ဆိုပါတယ်။ ဒီအတွင်း မစုံစမ်းပါနဲ့လို့လည်း ပြောထားပါသေးတယ်။ ကိုယ်ပို့ထားတာကပဲ နှစ်ပတ်ကျော်လာပြီ။ ခုမှလက်ခံရရှိကြောင်း အကြောင်းပြန်လာပြီး နောက်လည်း နှစ်ပတ်လောက်ကြာနိုင်တယ်ဆိုတော့ သူတို့ဗီဇာလေးရဖို့အရေး တစ်လလောက်တောင် အချိန်ပေးရမယ့်သဘောပါပဲ။

အချိန်ပေးရတာက ထိုင်စောင့်နေရုံသက်သက်ဆိုလျှင်တော့ ဘာမှအရေးမကြီးပါဘူး။ သို့ပေမယ့် အင်္ဂလန်ဗီဇာရကာမှ အခြားဥရောပနိုင်ငံတွေကိုသွားဖို့ ရှန်းဂန်ဗီဇာကို လျှောက်ရမှာလေ။ ရှန်းဂန်ဗီဇာအတွက်ကလည်း သူတို့ဝက်ဘဆိုက်များမှာပြောထားတဲ့အတိုင်းဆိုလျှင် သုံးပတ်လောက်ကြာနိုင်တယ်ဆိုထားတယ်။ ဒီလိုဆိုတော့ ခုပဲ မေလလယ်ရောက်ရောက်လုနီးပြီ။ အင်္ဂလန်ကိုသွားဖို့က ဇွန်လ (၁) ရက်နေ့ လေယာဉ်လက်မှတ်ယူထားတယ်။ ဒီပုံစံအတိုင်းဆိုလျှင်တော့ ရှန်းဂန်ဗီဇာလျှောက်ဖို့ မှီနိုင်မယ် မထင်ဘူး။ မမှီလျှင်လည်း မသွားရုံကလွဲပြီး ဘာမှမဖြစ်နိုင်ပါဘူး။ ဒီအတွက်လည်း ပူပင်ကြောင့်ကြ မဖြစ်မိပါဘူး။ သည်းခံပြီးစောင့်ရုံပဲပေ့ါ။ သို့ပေမယ့် ခုလိုမလိုလားအပ်ပဲ အလုပ်တွေအပိုရှုပ်နေခြင်းအတွက်တော့ ကိုယ့်ပတ်စပို့အကြောင်း ကိုယ်ပြန်စဉ်းစားမိတယ်။ တို့ပတ်စပို့က ကမ္ဘာ့အလယ်မှာ ခုလောက်တောင်မှ မျက်နှာငယ်စရာ ဖြစ်နေရသလား။ မနှစ်က စင်္ကာပူနိုင်ငံကိုသွားတော့လည်း ဒီပတ်စပို့နဲ့ပတ်သက်ပြီးတော့ပဲ စိတ်ကသိကအောက်ဖြစ်စရာ ကြုံခဲ့ရပြီ။ ခုလည်း စမယ်မှမကြုံသေးဘူး။ စပြီ။ မိုင်ပေါင်းများစွာခရီးသွားဖို့ ခြေလှမ်းတစ်လှမ်းနဲ့ပဲ စရပါတယ်လို့ ဆိုကြတယ်မဟုတ်လား။ ခုမှ အစခြေတစ်လှမ်းပဲရှိသေးတာ။ နောင်မှာ ဘယ်လောက်လာဦးမယ်ဆိုတာ မသိနိုင်သေးဘူး။ တကယ်လို့သာ အများ တကာလေးစားမှုခံရတဲ့ အမေရိကန်၊ အင်္ဂလန်စတဲ့ နိုင်ငံတွေကလို ပတ်စပို့မျိုး ကိုင်ဆောင်ထားသူဆိုလျှင် ဒီကယိကထများတဲ့ အပိုအလုပ်တွေ ဘယ်လုပ်နေဖို့ လိုမှာလဲ။

အဲပေ့ါလေ။ ကိုယ်က မြန်မာပတ်စပို့ကိုမြတ်နိုးစွာ ကိုင်တွယ်ထားတဲ့ မြန်မာနိုင်ငံသား စစ်စစ်ပဲဟာ။ အဆင်မပြေမှုတွေ၊ မပြေလည်မှုတွေ၊ အောင့်အည်းသည်းခံရမှုတွေဆိုတာနဲ့က အလွန့်အလွန်မှပဲ အကြိမ်ပေါင်းများစွာ အချိန်ပေါင်းများစွာ တွေ့ကြုံဘူးလှပြီမို့ ရင်းနှီးလွန်းစွာနဲ့ အသားကျနေပြီပဲဟာ။ တကယ်တော့ အခြားနိုင်ငံတွေကိုဝင်ဖို့ ဗီဇာတောင်းခံကာမှသာ အခက်အခဲတွေ့ရတာမှ မဟုတ်တာ။ ကိုယ်ကိုင်ထားတဲ့ပတ်စပို့ကိုရဖို့ လျှောက်ထားခဲ့စဉ်ကတည်းကိုက အခက်အခဲက ရှိခဲ့တာပဲဟာ။ ခရီးမသွားမီကတည်းက ကြိုတင်ပြီးရခဲ့တဲ့ ခရီးသွားအတွေ့အကြုံပေ့ါ။ ဒီတော့ အကြောင်းဖြစ်တဲ့ ပတ်စပို့ကမှ အစမကောင်းခဲ့တာဆိုတော့။ အကျိုးဖြစ်တဲ့ ဗီဇာရဖို့ ဒီလောက်တော့လည်း အခက်အခဲရှိပေမပေ့ါ။ ရှိပါစေတော့။ ရှိစေတော့။

လောင်ဇူးရဲ့ စကားနဲ့ပဲ ဖြေသိမ့်ရမပေ့ါ။ လောင်ဇူးကပြောတယ်။ ခရီးသွားကောင်းတစ်ယောက်ဆိုတာ ကိုယ်သွားမယ့်ခရီးစဉ်ကို ပုံသေကြိုတင်သတ်မှတ်ထားသူမျိုး မဟုတ်ပါဘူးတဲ့။ ဘယ်ကိုရောက်မယ် ဘယ်အချိန်မှာရောက်မယ်ဆိုတာမျိုးကို ကြိုတင်ရည်ရွယ်သတ်မှတ်ထားသူမျိုးလည်း မဟုတ်ပါဘူးတဲ့။ ဟုတ်တယ်။ ဘယ်ကိုပဲသွားရသွားရ၊ ဘယ်အချိန်မှပဲရောက်ရောက်၊ ဘယ်ကိုပဲရောက်ရောက်။ ရောက်ချင်ရာ ရောက်ပစေ။ အင်္ဂလန်ဝန်ကြီးချုပ်တစ်ဦးဖြစ်တဲ့ ဘင်ဂျမင် ဒစ္စရေးလီရဲ့ 'ခရီးသွားခြင်းက သည်းခံစိတ်ရှည်တတ်မှုကို သင်ကြားပေးပါတယ်' ဆိုတဲ့ စကားအတိုင်းပဲ ဖြစ်စေရမပေ့ါ။ ဒီတော့ စိတ်ရှည်ဦးပေ့ါ။ အရှင်ဥာဏိက။

မေတ္တာဖြင့်
အရှင်ဉာဏိက